EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၉၈

မတ် ၃၁ ရက်၊ ၂၀၂၀

## “အမတ်တွေက လွှတ်တော်ထဲရောက်လာရင် ဒီဒေသတွေက အစိုးရထိန်းချုပ်မှုအောက်မှာမရှိဘူး။ အဲဒါဆိုရင် ဘယ်လိုဖြေရှင်းမလဲ”

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ‘ဝ’ဒေသရှိ မြို့နယ်လေးခုတွင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်နှင့် ‘ဝ’ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြောင်း ‘ဝ’ဒေသသတင်း WSTV က ကြေညာသည်။

‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံ၊ ဒုတိယစစ်သေနာပတိချုပ် ဦးကျောက်ကျုံးတန်း၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူရှိနှင့် ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းတို့သည် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ကို ပန်ဆန်းမြို့ ဗဟိုရုံးချုပ်တွင် ဖေဖော်ဝါရီလ ၂၇ ရက်က တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အဆိုပါ နှစ်ဖက်တွေ့ဆုံမှုတွင် ‘ဝ’ပြည်နယ်အတွင်း သတ်မှတ်ထားသည့် လေးမြို့နယ်ဖြစ်သော မိုင်းမော၊ ပန်ဝါ၊ နားဖန်း၊ ပန်ဆန်းလေးမြို့နယ်အတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးကို ဆွေးနွေးခဲ့ကြသည်။ တစ်နည်းအားဖြင့် ‘ဝ’သည် မြန်မာအစိုးရနှင့် သင့်မြတ်သည်ဟုလည်းပြောနိုင်သည်။ ပြီးခဲ့သည့် သီတင်းပတ်ကပင် ရဟတ်ယာဉ်တစ်စီး ဝယ်ယူခဲ့သေးသည်။ အစိုးရထိန်းချုပ်ခြင်းမရှိသည့် ‘ဝ’ဒေသရှိ မြို့နယ်လေးခုတွင် ရွေးကောက်ပွဲများ အမှန်တကယ်ကျင်းပနိုင်မည်လောဆိုသည်မှာ စိတ်ဝင်စားစရာကောင်းလှပေသည်ဖြစ်ရာ တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ ဦးမောင်မောင်စိုးနှင့် The Voice Journal က ဆက်သွယ်မေးမြန်းထားခြင်းဖြစ်သည်။

**The Voice Journal - ရွေးကောက်ပွဲကော်မရှင်နဲ့ ‘ဝ’ ဒေသအကြီးအကဲတွေနဲ့ တွေ့တဲ့အခါ ‘ဝ’ဒေသရဲ့ နှစ်သုံးဆယ် မျှော်မှန်းချက်ရယ်၊ သမိုင်းအစဉ်အလာကိုအခြေခံတဲ့ တောင်းဆိုချက်ရှစ်ချက်ရယ်ကို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းတို့ကို ရှင်းပြခဲ့တယ်လို့ ပြောတယ်။ အဲဒါဘာတွေဖြစ်နိုင်မလဲ သိလားဗျ။**

**UMMS** - ပထမတစ်ချက်က ‘ဝ’အနေနဲ့ ‘ဝ’ပြည်နယ် ပြည်သူ့အစိုးရဆိုပြီး တရားဝင်သုံးနေတာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ကတော့ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအနေနဲ့ပဲ အသိအမှတ်ပြုထားတာ ဖြစ်ပါတယ်။ အဲဒီကွာဟချက်ရှိပါတယ်။ ဒုတိယပြောမယ်ဆိုရင် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကိုအစိုးရက သတ်မှတ်ထားတာက မြို့နယ်ခြောက်မြို့နယ်ရှိပါတယ်။ ခြောက်မြို့နယ်ထဲမှာ ဟိုပန်နဲ့ မက်မန်းမြို့နယ်က အစိုးရထိန်းချုပ်မှုအောက်မှာရှိပါတယ်။ ကျန်တဲ့ လေးမြို့




နယ်က မရှိပါဘူး။

**The Voice Journal - ကျန်တဲ့လေးမြို့နယ်ကို ‘ဝ’ က အုပ်ချုပ်တာပေါ့။**

**UMMS** - ကျန်တဲ့လေးမြို့နယ်က ‘ဝ’ က အုပ်ချုပ် တာပါ။ ‘ဝ’ အုပ်ချုပ်ထားတဲ့ဧရိယာကလည်း စတုရန်းကီလိုမီတာ ၁၅၀၀၀ လောက်ရှိပြီး လူဦးရေ ငါးသိန်းလောက် ရှိပါတယ်။ ဒါ့အပြင်ကို အစိုးရက သတ်မှတ်ထားတာက ‘ဝ’ကို လေးမြို့နယ်နဲ့ သတ်မှတ်ထားပါတယ်။

ဒါပေမဲ့ UWSD အနေနဲ့ သူတို့ဒေသကို ခရိုင်သုံးခု အထူးမြို့နယ်နှစ်ခု၊ စုစုပေါင်း မြို့နယ် ၂၂ မြို့နယ်ခွဲပြီး သတ်မှတ်ထားပါတယ်။ မိုင်းမောခရိုင်မှာ ၁၁ မြို့နယ်၊ မိုင်းလင်းခရိုင်မှာ ခြောက်မြို့နယ်၊ မိုင်းပေါက်ခရိုင်မှာခြောက်မြို့နယ်ရှိပါတယ်။ နှစ်ဖက်သတ်မှတ်မှုကလည်း ကွာခြားပါတယ်။ တတိယတစ်ခုအနေနဲ့ပြောမယ်ဆိုရင် အစိုးရနဲ့ bilateral မထိုးရသေးပါဘူး။

NCA ထိုးပြီးမှသာ နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ပြီး ငြိမ်းချမ်းရေးပြဿနာကို ဖြေရှင်းနိုင်မှာပါ။

အဲဒီမှာလည်း မပါသေးဘူး။

အဲဒီလိုအခြေအနေအောက်မှာ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဒီဒေသမှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုတာ ဘယ်နိုင်ငံရေးအမြင်နဲ့ ကြည့်ပြီးလုပ်တယ်ဆိုတာကတော့ မေးခွန်းထုတ်စရာဖြစ်တယ်လို့ ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဘာနိုင်ငံရေးပြဿနာမှ မဖြေရှင်းဘဲနဲ့ ဒီဒေသကို ရွေးကောက်ပွဲကျင်းပဖို့ဆိုတာ ခဲယဉ်းလိမ့်ပါမယ်။

‘ဝ’နဲ့နိုင်ငံရေးပြဿနာမရှင်းဘဲနဲ့ ရွေးကောက်ပွဲလုပ်ဖို့ဆိုတာ ခဲယဉ်းလိမ့်မယ်ထင်ပါတယ်။

The Voice Journal - **ပြီးခဲ့တဲ့ ၂၀၁၅ မှာတုန်းကတော့ အစိုးရထိန်းချုပ်မှုအောက်မှာရှိတဲ့ ဟိုပန်နဲ့မက်မန်းမှာ ရွေးကောက်ပွဲလုပ်ခဲ့တယ် မဟုတ်လား။**

UMMS - ၂၀၁၀ ရယ်၊ ၂၀၁၅ ရယ်မှာတော့ ရွေးကောက်ပွဲလုပ်ခဲ့ပါတယ်။ သို့သော်လည်း UWSD ထိန်းချုပ်နယ်မြေမှာတော့ မလုပ်ခဲ့ပါဘူး။

The Voice Journal - **ဒါဆို ဆရာ့အမြင်အရဆိုရင် အဲဒီ 'ဝ' ဒေသမှာ ရွေးကောက်ပွဲလုပ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။**

UMMS - ရွေးကောက်ပွဲကော်မရှင်လုပ်နေတာ နည်းနည်းလွန်နေတယ်ထင်ပါတယ်။ ဖြစ်နိုင်ခြေနည်းပါတယ်။

The Voice Journal - **ဖြစ်နိုင်ခြေနည်းတယ် ဆိုတာ ဘယ်အပေါ်ကို အခြေခံပြီး ပြောတာလဲဗျ။**

UMMS - ကျွန်တော် ခုနက ခင်ဗျားကိုပြောခဲ့တဲ့ အချက်သုံးချက်ကြောင့် ဖြစ်နိုင်ခြေနည်းတယ်လို့ ပြောတာပါ။

The Voice Journal - **တချို့ပြောကြတယ်ရှိ တယ်။ 'ဝ' ဒေသမှာက တခြားပါတီတွေလည်းမရှိတော့ UWSD ပဲ နိုင်မှာပေါ့လေ။ နိုင်ရင် အမတ်လေးယောက် လွှတ်တော်ထဲရောက်လာမယ်။ ဒါကြောင့်ပဲ 'ဝ' တွေက ဒီကိစ္စကိုတော့ လက်ခံလိမ့်မယ်လို့ သုံးသပ်မှုလည်းရှိတယ်။**

UMMS - အဲဒါပဲလေဗျ။ အမတ်တွေက လွှတ်တော်ထဲရောက်လာရင် ဒီဒေသတွေက အစိုးရထိန်းချုပ်မှုအောက်မှာမရှိဘူး။ အဲဒါဆိုရင် ဘယ်လိုဖြေရှင်းမလဲ။ ဆိုလိုတာက ခုနပြောသလို နိုင်ငံရေးပြဿနာကို ဘယ်လိုဖြေရှင်းမှာလဲ။

The Voice Journal - **'ဝ' ရဲ့ နှစ်သုံးဆယ်မျှော်မှန်းချက်ထဲက ၁၀ နှစ်မျှော်မှန်းချက်ကို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းတို့ကို 'ဝ' တာဝန်ရှိသူတွေက ပြောပြလိုက်တယ်။ ပြီးတော့ သမိုင်းကြောင်းအခြေခံတဲ့ 'ဝ' ရဲ့ တောင်းဆိုချက်ရှစ်ချက်ကိုလည်း ပြောပြလိုက်တယ်။ ဆိုတော့ အဲဒါတွေက ဘာတွေများဖြစ်နိုင်မယ်ထင်လဲဗျ။**

UMMS - အချက်ရှစ်ချက် တောင်းဆိုတာကတော့ ဘာတွေလဲဆိုတာ ကျွန်တော်တို့လည်း မသိဘူးဗျ။ ဒါပေမဲ့ ဖြစ်နိုင်ခြေရှိတာကတော့ မနှစ်ကလုပ်တဲ့ နှစ် ၃၀ ပြည့်မှာ တည်ဆောက်ဆဲ 'ဝ' ပြည်နယ်ဆိုပြီး 'ဝ' က တောင်းဆိုထားတာရှိတယ်။ ဆိုတော့ ၂၀၀၈ အခြေခံဥပဒေက 'ဝ' ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေမယ့် 'ဝ' ကတော့ သူတို့ဘာသာ 'ဝ'ပြည်နယ်အဖြစ် သတ်မှတ်ထားတာဖြစ်တယ်။ လက်ရှိအသုံးအနှုန်းမှာ 'ဝ' က သူတို့ကိုယ်သူတို့ 'ဝ' ပြည်နယ်လို့ပဲ သုံးနှုန်းတယ်။ ဒီကိစ္စကိုပဲ ပြောတယ်ထင်ပါတယ်။

The Voice Journal - **'ဝ' ရဲ့ နှစ် ၃၀ မျှော်မှန်းချက်ကရော ....။**

UMMS - အဲဒါပြောတာပေါ့။ မနှစ်က ဧပြီလ ၁၇ ရက်မှာလုပ်တဲ့ နှစ် ၃၀ ပြည့်ပွဲမှာ 'ဝ' က တည်ဆောက်ဆဲ 'ဝ' ပြည်နယ်လို့ပြောတာကိုး။ အဲဒီတော့နောက် ၁၀ နှစ် 'ဝ' ပြည်နယ်အဖြစ် တည်ဆောက်သွားမယ်ဆိုတဲ့ Mission ကို ဖော်ပြချင်တာထင်ပါတယ်။

The Voice Journal - **သူက သူ့ဆီမှာလည်း စာပေ၊ ဘာသာစကား၊ ရုပ်သံလွှင့်မီဒီယာအကုန်ရှိတယ်။ တစ်လောကတော့ ရဟတ်ယာဉ်ဝယ်တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေထဲ ရဟတ်ယာဉ်ဝယ်တာ သူက ပထမဆုံးဖြစ်လာတာပေါ့။ အရင်ကလည်း တရားဝင်မဟုတ်ပေမယ့် ရဟတ်ယာဉ်တစ်စီး ရှိတယ်လို့လည်း ကြားတယ်။**

UMMS - ကျွန်တော်ထင်တာက အခုဝယ်တာက 'ဝ' ဒေသမှာ ပထမဆုံးပျံတဲ့ရဟတ်ယာဉ် ဖြစ်ပါလိမ့်မယ်။ တခြားတော့ ကျွန်တော်တို့လည်း မတွေ့ဖူးပါဘူး။

The Voice Journal - ကျေးဇူးပါခင်ဗျ။

(ကိုးကား:- https://thevoicejournal.com)

# Covid -19 ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အစည်းအဝေးများ ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်း

**မတ် ၂၅၊ ၂၀၂၀**

ကိုရိုနာဗိုင်းရပ်စ် (Covid-19) ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရန် လက်ရှိကျင်းပနေဆဲဖြစ်သည့် ရခိုင်ပြည်နယ်လွှတ်တော်နှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တို့ကို ယာယီရပ်နားလိုက်ကြောင်း သိရသည်။

ကမ္ဘာ့ကပ်ရောဂါ Covid - 19 ကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးများမှတစ်ဆင့် လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်သောကြောင့် လူစုလူဝေးဖြင့် ကျင်းပရမည့် အစည်းအဝေးများ၊ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ မပြုလုပ်ရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားသည့်အတွက် မတ်လ (၁၉) ရက်နေ့မှ စတင်ကျင်းပလျက်ရှိသော မန္တလေးတိုင်းဒေသကြီးလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် မတ်လ (၂၄) ရက်နေ့မှ စတင်ကျင်းပသော ရခိုင်ပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးများကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် အစည်းအဝေး ပြန်လည်ကျင်းပမည့်ရက်အား အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း မတ်လ (၂၄) ရက်နေ့က အသီးသီးထုတ်ပြန်ကြေညာခဲ့သည်။

ထို့အပြင် ကိုရိုနာဗိုင်းရပ်စ် (Covid-19) ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ကုသရေးဆောင်ရွက်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဒေသအဖွဲ့အစည်းများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌများက ညွှန်ကြားထားကြောင်းသိရသည်။

(ကိုးကား:-Mandalay Region Hluttaw Facebook ၊ Development Media Group၊ The Voice)

# အစိုးရဌာနအချို့၏ ဥပဒေနှင့်မကိုက်ညီသော ဆောင်ရွက်မှုများကို ကချင်ပြည်နယ်စာရင်းစစ်ချုပ် အစီရင်ခံစာထောက်ပြ - အပိုင်း (၂)

*ယခင်သီတင်းပတ်မှအဆက်*




**အစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များနှင့် စာရင်းစစ်ချုပ်၏ အကြံပြုချက်များ**

၁။ နိုင်ငံတော်အား ပြန်လည်ပေးသွင်းငွေ စစ်ဆေးဖော်ထုတ်နိုင်မှု- ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈ - ၆ လ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် စုစုပေါင်းပါက ကျပ်သန်းပေါင်း ၃၁၃ ဒသမ ၆၄၃ သန်း ရှိခဲ့သည်။

၂။ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခုနှစ် ၆ လ ဘဏ္ဍာရေးနှစ်တွင် မစစ်ဆေးနိုင်သေးသော လုပ်ငန်းပေါင်း ၁၂၈ ခု ရှိပြီး တန်ဖိုးငွေကျပ်သန်းပေါင်း ၂၂၅၂၈ ဒသမ ၉၈၀ ရှိခဲ့သည်။

၃။ ၂၀၁၈ ခုနှစ် ပထမ ခြောက်လတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၏ စစ်ဆေးတွေ့ရှိချက်များအရ လုပ်ငန်းလုပ်ဆောင်ရန် ထပ်မံထုတ်ပေးသည့် တန်ဖိုး ကျပ်သန်း ၃၇ သန်းကျော်ရှိပြီး ခန့်မှန်းခြေစာရင်းထက် လျော့နည်းဆောင်ရွက်သည့် လုပ်ငန်း ၁၃ ခုရှိခဲ့သည်။

၄။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ လုပ်ငန်းခန့်မှန်းခြေ စိစစ်ချက်အရ ယာဉ်ရပ်နားစခန်းအဆောက်အအုံ ဆောက်လုပ်ရာတွင် ကျပ် ၆ သိန်းကျော်ဖြစ်ပြီး ပြန်လည်ပေးသွင်းခဲ့ကာ မျက်မြင်စစ်ဆေးချက်အရ လျော့နည်းမှု တန်ဖိုးကျပ် ၆၄၆၇၈၅ ကျပ်ကိုလည်း ငွေထုတ်စာရင်းသို့ ပြန်လည်ပေးသွင်းခဲ့ပြီး လက်ဝယ်တွင် ထိန်းသိမ်းထားသည်မှာ အနည်းဆုံး ၉ လမှ တစ်နှစ်ကျော်ရှိကြောင်းလည်း သိရသည်။

၅။ ပြည်နယ်တရားရေး ဦးစီးဌာနမှူးရုံးတွင် ဘဏ္ဍာသိမ်းမော်တော်ယာဉ် ၅၂ စီး၊ ဆိုင်ကယ် ၁၇၅ စီးနှင့် သုံးဘီးဆိုင်ကယ် ၁ စီးတို့ကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ စနစ်တကျ လွှဲပြောင်းပေးရန် လိုအပ်။

၆။ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ PG 5 Percent ပေးသွင်းမှုမရှိသည်မှာ ကျပ်သန်း ၀ ဒသမ ၆၁၅ သန်း ရှိခဲ့ပြီး ကန်ထရိုက်စနစ် လုပ်ငန်းလမ်းညွှန်၊ အပိုဒ်-၂၁ နှင့်အညီ လိုက်နာဆောင်ရွက်ရန် အကြံပြုခဲ့သည်။

၇။ ပြည်နယ်မီးသတ် ဦးစီးဌာနမှလည်း ဝယ်ယူရေးတင်ဒါအဖြစ် စက်ကိရိယာ၊ ပရိဘောပနှင့်ယာဉ် ကျပ်သန်း ၄၀၀ ကျော် ရှိပြီး PG 10 Percent ပေးသွင်းရမည့် အစား 5 Percent သာ ပေးသွင်းထားသောကြောင့် လုပ်ငန်းလမ်းညွှန်နှင့် ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

၈။ စိုက်ပျိုးရေးဦးစီးဌာန တည်/ကော် အတည်ပြုချက်နှင့် အမှန်ဆောင်ရွက်မှု၊ လုပ်ငန်းဆောင်ရွက်မှုအတွက် ရ/သုံး စီမံကိန်း တည်ဆောက်ရေးနှင့် စက်ပစ္စည်း ကြီးကြပ်မှုကော်မတီ သဘောထားမတောင်းခံဘဲ မံစီဦးစီးမှူးရုံးဆောက်လုပ်ရန် တင်ဒါခေါ်ခဲ့ခြင်းအပေါ်လည်း ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန် နိုးဆော်ခဲ့သည်။

၉။ ပြည်နယ်အစိုးရအဖွဲ့ရုံးသည် ငွေလုံးငွေရင်းဖြင့် ရုံးသုံးပရိဘောဂဝယ်ယူရန် ကျပ်သန်း ၃၁ သန်းကျော်အား တင်ဒါခေါ်ယူဆောင်ရွက်မှုမရှိဘဲ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအရ ဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့် မကိုက်ညီဘဲရှိနေပြီး ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံဘဏ္ဍာငွေအလေအလွင့်မဖြစ်စေဖို့ ဂရုစိုက်ရန်လိုအပ်ကြောင်းလည်း ပြောကြားခဲ့သည်။

၁၀။ ပညာသင်ထောက်ပံ့စရိတ် လျော့နည်းထုတ်ပေးမှုတွင် လက်ဝယ်ထိန်ချန်ငွေ ကျပ်သိန်း ၁၆၀ ကျော်အား တနိုင်းမြို့နယ်ဒု-ပညာရေးမှူး နှစ်တိုး တစ်ကြိမ်ရပ်ဆိုင်းသည့် ပြစ်ဒဏ်သာပေးခဲ့ပြီး ကြီးကြပ်မှုပေါ့လျော့ခဲ့သည့် မြို့နယ်ပညာရေးမှူးကိုနယ်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ ယင်းယာယီငွေအလွဲသုံးစားမှုကို သတ်မှတ်ခဲ့သည့် ပြစ်ဒဏ်ကလျော်ကန်မှုမရှိဟု ထင်သည့်အတွက် ပြည်ထောင်စုစာရင်းချုပ်ထံ ဆက်လက်အသိပေး တင်ပြသွားဖို့ စီစဉ်လျက်ရှိပါကြောင်း ပြည်နယ်စာရင်းစစ်ချုပ်က လွှတ်တော်တွင်အတည်ပြု ပြောကြားခဲ့သည်။

ကချင်ပြည်နယ်စာရင်းစစ်ချုပ် အစီရင်ခံစာအသေးစိတ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံပေးပို့ခဲ့ပြီး ယခင်နှစ်က အစီရင်ခံစာတွင်လည်း ပြည်နယ်အစိုးရ၏ ဥပဒေနှင့်အညီ မဆောင်ရွက်ခဲ့မှုများ၊ သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းစဉ်များတွင် မှားယွင်းလုပ်ဆောင်ချက်များကို ထောက်ပြပြောဆိုခဲ့သည်။

**(ကိုးကား:- https://www.myitkyinanewsjournal.com/)**